ဆွေမျိုးအချင်းချင်း အပြန်အလှန် တုံ့ပြန်ဆက်ဆံသူသည်
စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူမဟုတ်ပေ။
စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူဟူသည် ဆွေမျိုးများက
အဆက်အသွယ် ဖြတ်လိုက်သည့်အခါ ပြန်ဆက်သွယ်သူဖြစ်သည်။
အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ် (ရဿွိယလ္လာဟုအန်ဟုမာ)က
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။
ဆွေမျိုးအချင်းချင်း အပြန်အလှန် တုံ့ပြန်ဆက်ဆံသူသည် စစ်မှန်ပြည့်ဝသော
ဆွေမျိုးဆက်သူမဟုတ်ပေ။ စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူဟူသည် ဆွေမျိုးများက
အဆက်အသွယ် ဖြတ်လိုက်သည့်အခါ ပြန်ဆက်သွယ်သူဖြစ်သည်။
[صحيح] [رواه البخاري]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။
စစ်မှန်ပြည့်ဝသော ဆွေမျိုးဆက်သူဆိုသည်မှာ ဆွေမျိုးသားချင်းများကို
ကောင်းကျိုးပြုသူဖြစ်ပြီး သူ့ဘက်က ကျေးဇူးပြုသည့်အတွက် ကိုယ့်ဘက်ကပြန်၍
ကျေးဇူးတုံ့ပြန်သူ မဟုတ်ပါ။ ထို့ပြင် ဆွေမျိုးဆက်ရာတွင်
အမှန်တကယ်အပြည့်အဝဆွေမျိုးဆက်သူဟူသည် မိမိအား ဆွေမျိုးအဆက်ဖြတ်ထားသူကို
ပြန်လည်ဆက်သွယ်ကာ ဆွေမျိုးဆက်သူ၊ ၎င်းတို့၏မကောင်းမှုကို ကောင်းမှုဖြင့်
တုံ့ပြန်သူဖြစ်သည်။
https://sunnah.global/hadeeth/my/show/3854